# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

January 14, 2019 | Volume 15, Number 8


**၁၄.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၅၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၉/ကျပ် |
| CBM Rate | = ၁၅၂၆/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၉.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၈.၁ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၁.၁ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၇.၂ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၁၀၀.၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၅.၆၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၇၇ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၃၄ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၄၂ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၇၈၅ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ကြက်သွန်နီကို နယ်စပ်ကုန်သွယ်ရေးအပြင် လေကြောင်းနှင့် ပင်လယ်ရေကြောင်းမှပါ တင်ပို့နိုင်ရေး ဆွေးနွေးမှုများပြုလုပ်

ကြက်သွန်နီကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နေမှုအပြင် လေကြောင်းလိုင်းနှင့် ပင်လယ်ရေကြောင်းများမှပါ ပိုမိုတင်ပို့နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့နေသော လယ်ယာထွက်ကုန် ပို့ကုန်အမယ် ၃၀ တွင် ကြက်သွန်နီသီးနှံလည်းပါဝင်နေပြီး ပြည်ပတင်ပို့မှုအား ၃ ဆခန့် မြှင့်တင်ရန်လိုအပ်နေကြောင်း ပို့ကုန်မြှင့်တင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောသည်။

ယင်းအပြင် ကြက်သွန်နီ စိုက်ပျိုးမှု၊ ထွက်ရှိမှု နှစ်စဉ်တည်ငြိမ်စေရန်နှင့် ပြည်ပနိုင်ငံများ၏ စိုက်ပျိုးဈေးကွက် အခြေအနေများ လေ့လာခြင်းများအပါအဝင် ပြည်ပမှကြက်သွန်နီ တရားမဝင်ဝင်ရောက်မှုကို ထိရောက်စွာတားဆီးခြင်းဖြင့် တောင်သူများ၏ စိုက်ပျိုးလိုစိတ်ကို တွန်းအားပေး နိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ဆိုသည်။

တောင်သူတွေ ခေတ်မီစိုက်နည်းတွေကို အသုံးပြုလာဖို့၊ သွင်းအားစုတွေကို အညွှန်းတိုင်းတိကျစွာ အသုံးပြုကြဖို့လိုကြောင်း၊ ဝန်ကြီးဌာနအနေနဲ့ ပြည်ပတင်ပို့ရာမှာလည်း အခွန်သက်သာခွင့်ရရှိထားတဲ့ အမယ်တွေအတွက် သက်သာခွင့်ပေးတာတွေအပြင် ကုန်သွယ်ရေးလမ်းကြောင်း ပုံစံမျိုးစုံနဲ့ တင်ပို့ခွင့်ရရှိရေး ဆွေးနွေးမှုတွေလုပ်ဆောင်နေကြောင်း ဦးမျိုးသူက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ကြက်သွန်နီများကို တိုးတက်တင်ပို့လိုသော်လည်း ပြည်တွင်း စားသုံးမှုများပြားခြင်း၊ ပြည်တွင်းဈေးကွက်အတွင်း ဈေးကြီးမြင့်နေခြင်း၊ ပုပ်သိုးလွယ်သောပစ္စည်းဖြစ်၍ ပင်လယ်ရေကြောင်းမှတင်ပို့ရန် ခက်ခဲသောကြောင့် နယ်စပ်ကုန်သွယ်မှုမှသာ အဓိကတင်ပို့နေရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကြက်သွန်နီစိုက်ဧက (မိုးနှင့်ဆောင်း) ပေါင်းပါက ဧက ၄၀,၀၀၀ နီးပါးစိုက်ပျိုးလျက်ပြီး တစ်နှစ်လျှင် ကြက်သွန်နီတန်ချိန် ၁၀ သိန်းနီးပါးထွက်ရှိကြောင်းသိရသည်။

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်ရှိ ကြက်သွန်နီကုန်သည် ဦးမြတ်စိုးက ပုတ်လွယ်တဲ့ပစ္စည်းဖြစ်လို့ ကုန်သွယ်ရေးလမ်းကြောင်းတွေ များများရှိဖို့လိုတယ်။ လှောင်ထားရင်လည်း ကြာလေလျော့နည်းလေဆိုတော့ တစ်ရာသီလောက်လှောင်တာလောက်ပဲ လုပ်သင့်ကြောင်းပြောသည်။ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုတွင်လည်း မိုးကြက်သွန်နီ စိုက်ပျိုးနိုင်မှုမှာနည်းပါးနေပြီး ဆောင်းကြက်သွန်နီ စိုက်ပျိုးမှုပေါ်တွင်သာ အားထားနေရကြောင်း တောင်သူများက ဆိုသည်။

လက်ရှိ ဆောင်းကြက်သွန်နီကို မြန်မာနိုင်ငံ အထက်ပိုင်းရှိ ချောင်းကြီးလေး ချောင်းဖြစ်သော မန္တလေးတိုင်းတွင် ဆင်တဲဂချောင်း၊ မကွေးတိုင်းတွင် မုန်းချောင်း၊ မင်းချောင်း၊ ယင်းချောင်းစသည့်ဒေသများတွင် အဓိကစိုက်ပျိုး ကြကြောင်းသိရသည်။

Source: http://www.amiamyanmar.com/Detail.aspx?id=5750

## မြန်မာ့ထောပတ်သီးကို နိုင်ငံပေါင်းလေးခုသို့ နှစ်စဉ်တင်ပို့နေ

မြန်မာ့ထောပတ်သီးကို နိုင်ငံပေါင်း ၄ နိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ လက်ရှိတွင် မြန်မာ့ထောပတ်သီးများကို တရုတ်၊ ထိုင်း၊ ဟောင်ကောင်နှင့် ရုရှားနိုင်ငံများသို့ တင်ပို့နေပြီး နှစ်စဉ်တင်ပို့မှုတိုးတက်လာခြင်းကြောင့် စားသုံးမှုနှင့်တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်သောနိုင်ငံများသို့



တင်ပို့နိုင်ရန် ဈေးကွက်သစ်များ ရှာဖွေလျက်ရှိကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောသည်။

ယင်းအပြင် ထောပတ်သီးကို တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်ကာ အစားအသောက်များ၊ လူသုံးကုန်ပ စ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ ရေချိုးဆပ်ပြာဆီ ထုတ်လုပ်မှုများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာခြင်းကြောင့် အဆိုပါကဏ္ဍ တိုးတက်လာစေရန် ထောပတ်ပွဲတော်များ ကျင်းပခြင်း၊ ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ ထောပတ်ဖုန်များတည်ထောင်ခြင်းစသည်တို့ကို နိုင်ငံတော်မှဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထောပတ်ဟာ အလားလာရှိတဲ့ ဈေးကွက်ဝင် သစ်သီးဝလံဖြစ်ကြောင်း၊ ပို့ကုန်တိုးမြှင့်ရေးကို ဦးတည်ထားစိုက်ပျိုးဖို့ လိုအပ်ကြောင်း၊ နိုင်ငံတကာဈေးကွက်ကို ထိုးဖောက်နိုင်ဖို့ဆိုရင် အရည်အသွေးမြင့် အလုံးညီတဲ့ အသီးမျိုးတွေ ရွေးချယ်စိုက်ပျိုးဖို့လိုအပ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပြောသည်။ ၁၇ ကြိမ်မြောက် တရုတ်-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် မြန်မာကုန်သည်များမှ ထောပတ်သီးအား တရားဝင်တင်ပို့ခွင့်ပြုရန် တောင်းဆိုထားကြောင်းသိရသည်။

၂၀၁၅- ၁၆ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ထောပတ်သီး တန်ချိန် ၄၂၉ဒသမ ၄၉၅ ခန့် တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သုညဒသမ၂၁၃ သန်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန် ၇၁၅ ဒသ မ၆၁၀ ခန့် တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သုညဒသမ၃၃၁ သန်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန် ချိန် ၆၈၄ဒသမ၇၈၆ ခန့် တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သုညဒသမ၁၈၅ သန်းခန့်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၏ ကုန်သွယ်မှုစာရင်းများအရသိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ထောပတ်သီးကို ရှမ်း၊ ချင်း၊ စစ်ကိုင်း၊ မန္တလေးနှင့် ပြင်ဦးလွင် ဒေသများတွင် အများဆုံး စိုက်ပြီး ယင်းဒေသများထဲမှ ရှမ်းပြည်နယ် တောင်ပိုင်းတွင် တောင်ကြီး၊ ရွာငံ၊ ပင်လောင်း၊ ဟိုပုံး စသည့်မြို့နယ် များတွင် အများဆုံး စိုက်ပျိုးကာ စိုက်ဧက ၇၀၀ ခန့်ရှိကြောင်း သိရသည်။

Source: http://www.amiamyanmar.com/Detail.aspx?id=5748

## EU ကို ပျားရည်တင်ပို့နိုင်ဖို့ ကြိုးပမ်းနေ






EUကိုပျားရည်တင်ပို့နိုင်ဖို့ကြိုးပမ်းနေပြီး လက်ရှိမှာပဏာမ ဓာတ်ခွဲစမ်းသပ်မှုတွေကို နှစ်ကြိမ်တိုင်ပြုလုပ်ပြီးဖြစ်တယ်လို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ကနေ သိရပါတယ်။ EUကိုတင်ပို့တဲ့အပိုင်းမှာတော့ ကျွန်တော်တို့ ဆီကနေပြီးတော့မှ နမူနာနှစ်ကြိမ်လောက် သူတို့ဆီတင်ပို့နိုင်ဖို့ အတွက် ပဏာမဓာတ်ခွဲစမ်းသပ်စစ်ဆေးပြီးဖြစ်ပါတယ်။ ချွင်းချက် အနေနဲ့ ဒီပျားရည်ထဲမှာ Nitrofuranပါတဲ့ အခြေအနေကိုတော့ကျွန်တော်တို့က စုံစမ်းစစ်ဆေးပြီးတော့မှ ပါဝင်ရတဲ့အခြေခံအကြောင်းအရင်းကို ဖော်ထုတ်နေကြောင်း

ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှညွှန်ကြားရေးမှူးဦးအောင်မင်းကပြောပါတယ်။ EUဖက်မှ ပျားရည်တန်ချိန် (၈၀၀)ခန့် ဝယ်ယူဖို့ကမ်းလှမ်းထားတယ်လို့သိရပြီးလက်ရှိမှာဓာတ်ခွဲစမ်းသပ်မှုတွေပြုလုပ်နေတဲ့အတွက်လာမယ့်နှစ်နှစ်၊သုံးနှစ်အတွင်းမှာတော့တင်ပို့နိုင်မယ်လို့သိရပါတယ်။

"နောက်သူတို့ကြိုက်ပြီဆိုရင်တော့သူတို့ဈေးကွက်ကလဲအဆင်ပြေတယ်ဆိုရင်တော့ဒါကျွန်တော်တို့ဖက်ကလဲပြုပြင်ပြောင်းလဲလာမယ်ဆိုရင်ဒီပျားရည်က EUဈေးကွက်နဲ့တင်ဒါကျွန်တော်တို့နိုင်ငံက ထွက်တဲ့အနေအထားက အဆင်ပြေသွားမှာပါ"လို့ ဦးအောင်မင်းကပြောပါတယ်။ ပြည်ပကိုပျားရည်တင်ပို့နေတဲ့နိုင်ငံတွေကတော အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ထိုင်း၊ ကနေဒါ၊ ဗီယက်နမ်၊ တရုတ်နဲ့ အိန္ဒိယနိုင်ငံတို့ဖြစ်ပြီး လက်ရှိဘဏ္ဍာနှစ်ပထမသုံးလပတ်အတွင်း ပျားရည်မက်ထရစ်တန်ချိန်(၁၁၈၇ဒသမ၆)တင်ပို့ထားပါတယ်။

**Source:** https://www.facebook.com/popularnewsjournal/

## ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းကို ကုန်သွယ်ရေးဇုန်အဖြစ် အဆင့်မြှင့်နေ

ကချင်ပြည်နယ်ရှိ ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းကို ကုန်သွယ်ရေးဇုန် အဖြစ်အဆင့်မြှင့်တင် ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။ ကုန်သွယ်ရေးဇုန် အဖြစ် အဆင့်မြှင့်တင်ဖို့ မြေပြုပြင်ဆောင်ရွက်နေတာ ၇၀ ရာခိုင်နှုန်းလောက်ပြီးနေကြောင်း၊ တရုတ်-မြန်မာနယ်စပ် စီးပွားရေးဇုန်တွေ တည်ဆောက်ဖို့ နှစ်နိုင်ငံမှုအားဖြင့်လည်း သဘောတူထားပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမြဲတမ်းအတွင်းဝန်ဦးရန်နိုင်ထွန်းကပြောသည်။

မြန်မာ-တရုတ် ကုန်စည်ပြပွဲများကျင်းပခြင်း၊ ကုန်သွယ်ရေးဇုန်အဖြစ် အဆင့်မြှင့်တင်ခြင်း၊ နယ်စပ်ဇုန်များ တည်ဆောက်ပြီးပါက ဇုန်အတွင်းပြန်လည်ပြုပြင်ထုပ်ပိုးတင်ပို့သွားမည်ဖြစ်ကြောင်းဆိုသည်။ ကန်ပိုက်တီစခန်း၏ အဓိက ပို့ကုန်များမှာ တစ်သျှူးငှက်ပျော၊ ပြောင်း၊ဖရဲ၊ စပါးခွံမီးသွေးတောင့်တို့ဖြစ်ပြီး သွင်းကုန်များမှာ ဓာတ်မြေသြဇာ၊ ဘိလပ်မြေ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ မော်တော်ယာဉ်တင်သွင်းသည်။

၂၀၁၈-၁၉ဘဏ္ဍာနှစ် ကုန်သွယ်မှု လျာထားချက် အနေဖြင့် ပို့ကုန် ကန်ဒေါ်လာ သန်း၁၃၀ကျော်၊ သွင်းကုန် ကန်ဒေါ်လာ သန်း ၂၀ကျော် ရရှိထားသည်။ကန်ပိုက်တီ စခန်းမှ ၂၀၁၄-၁၅ဘဏ္ဍာနှစ်တွင် ပို့ကုန်မှ ကန်ဒေါ်လာ ၈ဒသမ၂၃သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၅၀ဒသမ ၁၉၅သန်း စုစုပေါင်း ကုန်သွယ်မှု ပမာဏကန်ဒေါ်လာ ၅၉ဒသမ ၀၁၈သန်း၊ ၂၀၁၅-၁၆ဘဏ္ဍာနှစ်တွင် ပို့ကုန် ကန်ဒေါ်လာ ၂၈ဒသမ ၇၆၉သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၆၇ဒသမ ၄၄၈သန်း၊ စုစုပေါင်း ကုန်သွယ်မှုကန်ဒေါ်လာ ၉၆ဒသမ ၂၄၄သန်း၊ ၂၀၁၆-၁၈ဘဏ္ဍာနှစ်တွင် ပို့ကုန် ကန်ဒေါ်လာ ၆၄ဒသမ ၀၉၄သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၄၂ဒသမ ၄၇၇သန်း ရရှိထားသည်။

၂၀၁၇-၁၈ဘဏ္ဍာနှစ်တွင် ပို့ကုန် ကန်ဒေါ်လာ ၈၅ ဒသမ ၉၂၈သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၃၀ဒသမ ၇၁၈သန်း စုစုပေါင်း ကုန်သွယ်မှု ကန်ဒေါ်လာ ၁၁၆ဒသမ ၆၄၆သန်း၊၂၀၁၈-၁၉ဘဏ္ဍာနှစ် ဧပြီမှ စက်တင်ဘာ အထိ ပို့ကုန် ကန်ဒေါ်လာ ၇၁ဒသမ ၅၀၂သန်း၊သွင်းကုန် ကန်ဒေါ်လာ ၁၂ဒသမ ၇၃၄သန်း စုစုပေါင်း ကုန်သွယ်မှု ကန်ဒေါ်လာ ၈၄ ဒသမ၂၃၆သန်း ရရှိထားကြောင်းသိရသ ည်။ အဆိုပါစခန်းသည် ကချင်ပြည်နယ်၊ မြစ်ကြီးနား ခရိုင်၊ ဝိုင်းမော်မြို့တွင်တည်ရှိပြီး တရုတ်ပြည် ယူနန်ပြည်နယ်၊ ပေါင်စန်း ခရိုင်၊ ထိန်ချုံးမြို့နယ်နှင့် အဓိက ကုန်သွယ်လျက်ရှိသည်။

**Source:** http://www.logisticsguide.com.mm/en/industry-news/export-import/1452-updating-

## ဆီထွက်သီးနှံ အုပ်စုဝင် မြေပဲမျိုးသစ်များ မကြာမီထွက်ရှိတော့မည်

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ စမ်းသပ်စိုက်ပျိုး သုတေသနပြုနေသည့် ဆီထွက်သီးနှံအုပ်စုဝင် မြေပဲမျိုး သစ်များ မကြာမီ ထွက်ရှိနိုင်တော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှသတင်းရရှိသည်။ လက်ရှိတွင် ဆီထွက်သီးနှံ သုတေသနဌာနစုရှိ သုတေသနပညာရှင်များမှ သက်လျှင်အထွက်ကောင်း မြေပဲမျိုး သစ်၊ ရေငတ်ဒဏ်ခံနိုင်သော မြေပဲမျိုးသစ်၊ ရွက်ပြောက်ရောဂါ ဒဏ်ခံနိုင်သော မြေပဲမျိုးသစ်နှင့် အစေ့စား မြေပဲမျိုးသစ်များကို မျိုးကူးစပ်ရွေးချယ်ရှာဖွေလျက်ရှိရာ၊ မကြာမီ မျိုးစေ့သစ်များ ထွက်ရှိလာတော့မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းကပြောသည်။

" စိုက်ပျိုးရေးသုတေသန ဦးစီးဌာနက ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ လိုက်လျောညီထွေရှိမယ့် မျိုးသစ် တွေ ရှာဖွေသုတေသနပြု လုပ်ငန်းတွေကို အထူးဦးစားပေးအနေနဲ့ ဆောင်ရွက်နေတာ ဖြစ်တယ်" ဟု ဦးနိုင် ကြည်ဝင်းက ဆိုသည်။

မြေပဲမျိုးများအဖြစ် ရေငတ်ဒဏ်ခံနိုင်သော ဆင်းပဒေသာ (၆)၊ ဆင်းပဒေသာ (၁၂)၊ သက်လျှင်အထွက်ကောင်းမျိုးဖြစ်သော ဆင်းပဒေသာ (၇)၊ အထွက်ကောင်း မြေပဲမျိုးဖြစ်သော ဆင်းပဒေသာ (၁၁) နှင့် ဆင်းပ ဒေသာ (၁၃) တို့သည် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန (DAR) ၏ သုတေသနရလဒ်များဖြစ်ပြီး၊ တောင်သူလက်ဝယ်အရောက် အထောက်အကူပြု ဖြန့်ဝေပေးနိုင်ခဲ့ကြောင်းသိရသည်။

" ဆီထွက်သီးနှံတွေအတွက် တောင်သူတွေ အဓိက လိုအပ်နေတာ အရည်အသွေးမီ မျိုးစေ့ရရှိ စိုက်နိုင်ဖို့ ဖြစ် တယ်။ အထွက်နှုန်းမျိုးတွေ စိုက်နိုင်မှ စိုက်ကုန်ကျစရိတ်တွေ ကာမိစေပြီးတော့ စီးပွားဖြစ် စိုက်လာနိုင်မှာဖြစ်သလို တစ်ဖက်မှာလည်း ပြည်တွင်းဆီ စားသုံးမှုနဲ့ ပြည်ပတိုးတက်တင်ပို့ဖို့ အထောက်အကူပြုလာမှ ဖြစ်တယ်" ဟု မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ဥက္ကဌ ဦးခင်စိုးက ပြောသည်။ ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများအနေဖြင့် မိရိုးဖလာနည်းဖြင့် မြေပဲစိုက်ပျိုးမှုမှာ တစ်ဧကလျှင် ၃၅ တင်းမှ တင်း ၄၀ ခန့်သာ ရရှိသဖြင့် ထိုင်ဂမ်နည်းဖြင့် စိုက်ပျိုးသောနည်းနှင့် အထွက်နှုန်းမြင့် မျိုးများကို အသုံးပြုခြင်း ဖြင့် တစ်ဧကလျှင် တင်း ၁၀၀ ခန့်အထိ ထွက်ရှိလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် မြေပဲကို မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၊ စလင်းမြို့၊ ပခုက္ကူမြို့၊ ရေစကြိုမြို့ ၊ မြောင်မြို့နယ်တို့တွင် အစိုက်များဆုံး စိုက်ပျိုးကြပြီး ဧရာဝတီတိုင်းဒေသကြီး၊ အင်ပင်မြို့၊ ကြံခင်းမြို့၊ မြန် အောင်မြို့ စသည့်ဒေသများ၌လည်း စိုက်ပျိုးလျက်ရှိသည်။

**Source:** https://www.facebook.com/amiamyanmar/

## FMI ကုမ္ပဏီက လုပ်ငန်းတိုးချဲ့ရန်ရှိ၍ ရှယ်ယာသစ်များထုတ်ရောင်းမည်

ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် FMI ကုမ္ပဏီက ရှယ်ယာအသစ်များ ထုတ်ရောင်းရန် ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပသည့် အထူးအစည်းအဝေး၌ ဆုံးဖြတ်ခဲ့သည်။




ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တိုးချဲ့ရန် အစီအစဉ်ရှိ၍ ရှယ်ယာများ ထုတ်ရောင်းခြင်း ဖြစ်သည်ဟု FMI ကုမ္ပဏီ ဥက္ကဋ္ဌဦးသိမ်းဝေက ပြောသည်။

ရောင်းချရာတွင် ရှိရင်းစွဲရှယ်ယာရှင်များကို အချိုးကျရောင်းချသည့် စနစ်နှင့် ပြင်ပရှယ်ယာရှင် အသစ်များကို ထုတ်ရောင်းသည့်စနစ်ဟူ၍ နှစ်မျိုးဆွေးနွေးပြီး ရောင်းချမည့် ရှယ်ယာ အရေအတွက်နှင့် ရှယ်ယာ ဈေးနှုန်းပမာဏကိုမူ ထုတ်ပြန်ပြောကြားခြင်း မရှိသေးပေ။

ထိုအစည်းအဝေးတွင် FMI ကုမ္ပဏီကို FMI အများနှင့် သက်ဆိုင်သော ကုမ္ပဏီအဖြစ် ၂၀၁၇ ကုမ္ပဏီ ဥပဒေအရ ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ထိုအစည်းအဝေးတွင် ဦးသိမ်းဝေက ကုမ္ပဏီ၏ ၂၀၁၉ စီးပွားရေး လုပ်ငန်းအသစ်ဖြစ်သည့် တန်ဖိုးသင့် အိမ်ရာစီမံကိန်းကို အကောင်အထည် ဖော်နေကြောင်း ပြောကြားသည်။

"City Loft က ဈေးနှုန်းသင့်တင့်ပြီး ၂၅ နှစ် အရစ်ကျ အိမ်ရာချေးငွေစနစ်နဲ့ ဝယ်ယူနိုင်လို့ သမားရိုးကျ အိမ်ခြံမြေဈေးကွက်ကို လက်လှမ်းမမီနိုင်သူများ ပိုမိုလွယ်ကူစွာ ဝယ်ယူပိုင်ဆိုင်နိုင်မယ်" ဟု ဦးသိမ်းဝေက ပြောသည်။

FMI ကုမ္ပဏီသည် ရန်ကုန်စတော့အိတ်ချိန်းကို ပထမဦးဆုံး ဝင်ရောက်သည့် အများပိုင်ကုမ္ပဏီဖြစ်ပြီး ၂၀၁၆ မတ်လတွင် စတင်ဝင်ရောက်ခဲ့သည်။

လက်ရှိတွင် အစုရှယ်ယာ ၂၃ သန်းကျော်ရှိပြီး ရှယ်ယာတစ်စုလျှင် ကျပ် ၉,၉၀၀ ပေါက်ဈေးရှိသည်။ FMI ကုမ္ပဏီသည် အိမ်ရာလုပ်ငန်း၊ အိမ်ခြံမြေ၊ ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်နေသည်။

Source: http://www.7daydaily.com/story/147258

## ငွေကြေး ဈေးကွက်တွင် တစ်ဒေါ်လာ ၂၅ ကျပ်ခန့် ဈေးကျ

ဗဟိုဘဏ်က တစ်ပတ်အတွင်း ကန်ဒေါ်လာ ၂၂ သန်းခန့် ဂယ်ယူခဲ့သော်လည်း ပြည်တွင်း ငွေကြေးဈေးကွက်တွင် ကန်ဒေါ်လာတန်ဖိုး ဆက်တိုက်ကျဆင်းလာပြီး ဇန်နဝါရီ ၁၁ ရက်၌ တစ်ဒေါ်လာလျှင် ကျပ် ၁,၅၂၀ သို့ ရောက်ရှိလာသည်။

ယခုနှစ်ဇန်နဝါရီ ၁၁ ရက်အတွင်း ပြည်တွင်းငွေကြေးဈေးကွက်တွင် တစ်ဒေါ်လာ ၂၅ ကျပ် ခန့် ဈေးကျဆင်းသည်။ လက်ရှိဗဟိုဘဏ် ရည်ညွှန်းငွေလဲနှုန်းကလည်း ပြည်တွင်းငွေဈေးကွက် ပေါက်ဈေးအတိုင်း လိုက်လံ ကျဆင်းနေပြီး ဇန်နဝါရီ ၁၁ ရက်တွင် တစ်ဒေါ်လာ ၁,၄၃၁ ကျပ်ဈေးရှိသည်။ ဗဟိုဘဏ်က လေလံဈေးကွက်ဖြင့် ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာများ ဂယ်ယူရာတွင် ရည်ညွှန်းငွေလဲနှုန်းဖြင့် ဂယ်ယူခြင်း ဖြစ်သည်။

လက်ရှိပြည်တွင်း၌ ကန်ဒေါ်လာတန်ဖိုး ကျဆင်းခြင်းသည် ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံမှ ဆန်၊ ပဲမျိုးစုံ ပြည်ပသို့ တင်ပို့နေခြင်း၊ ကမ္ဘာ့ရေနံဈေးကျဆင်းမှုကြောင့် ပြည်ပမှတင်သွင်းရသည့် စက်သုံးဆီအတွက် သုံးစွဲရသည့် ဒေါ်လာပမာဏလျော့နည်းခြင်း၊ ပြည်ပမှဆောက်လုပ်ရေးပစ္စည်း တင်သွင်းမှုလျော့နည်းခြင်း၊ ကုန်သွယ်ရေး လိုငွေနည်းခြင်းတို့က ကျပ်ငွေတန်ဖိုးမြင့် တက်လာစေသည်ဟု စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်သည်။

ထို့အပြင် နိုင်ငံတကာငွေကြေးဈေးကွက်တွင် ကမ္ဘာ့ရွှေဈေး မြင့်တက်မှုလည်းပါဝင်ကြောင်း စီးပွားရေးလုပ်ငန်းရှင် အချို့ကပြောသည်။ ကမ္ဘာ့ရွှေဈေးက ဇန်နဝါရီ ပထမပတ်အတွင်း တစ်အောင်စလျှင် ကန်ဒေါ်လာ ၁,၂၉၀ ခန့်ရှိပြီး ဇန်နဝါရီ ၁၁ ရက်တွင် ၁,၂၉၂ ဒေါ်လာသို့ မြင့်တက်လာသည်။

**Source: http://www.7daydaily.com/story/147218**

## ဘဏ္ဍာနှစ်သစ်သုံးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ သန်း ၇၈၀ ခန့် ဝင်ရောက်

၂၀၁၇-၁၈ ဘဏ္ဍာနှစ်သစ် ပထမသုံးလပတ်အတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းကန်ဒေါ်လာ သန်း ၇၈၀ ခန့် ဝင်ရောက်လာကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ နိုင်ငံခြား ကုမ္ပဏီ ၆၃ ခု ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်လာပြီး စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှု ပမာဏ ကန်ဒေါ်လာ သန်း ၃၅၀ ကျော်ဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံထားသည်။ ဘဏ္ဍာနှစ်သစ် သုံးလအတွင်း မြန်မာနိုင်ငံသို့ ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများထဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍက အများဆုံးဖြစ်ပြီး ကန်ဒေါ်လာ ၁၇၂ သန်းခန့် ပါဝင်သည်။

ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ဖို့အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်တွေကိုလည်း ပူးပေါင်းဖို့မေတ္တာရပ်ခံကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ ရန်ကုန်တိုင်းအတွင်း ၂၀၁၈-၁၉ ဘဏ္ဍာနှစ်သစ် သုံးလကျော် အတွင်း စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခဲ့သည်။ တရုတ်၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်နှင့်ထိုင်ပေတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၄၃ ခု ဝင်ရောက်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းခြောက်ခုလည်း ဝင်ရောက်ခဲ့သည်။

ရင်းနှီးမြှုပ်နှံမှုငွေပမာဏက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၅၆ သန်းကျော်နှင့် ကျပ်ငွေ ၁၀ ဒသမ ၃ ဘီလီယံကျော်ရှိခဲ့သည်။ ရန်ကုန်တိုင်းတွင်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၃,၂၅၀ ကျော်ဖန်တီးနိုင်မည်ဖြစ်သည်။

**Source :** http://www.7daydaily.com/story/147280

## ကမ္ဘာပေါ်မှာ တီထွင်ဆန်းသစ်မှု အားအကောင်းဆုံးနိုင်ငံ ၁၆ ခုထဲမှာ စင်ကာပူလည်း ပါဝင်

ကမ္ဘာပေါ်မှာ တီထွင်ဆန်းသစ်မှု အားအကောင်းဆုံး နိုင်ငံ ၁၆ နိုင်ငံထဲမှာ အာဆီယံဒေသက စင်ကာပူလည်း ပါဝင်ကြောင်း နှစ်စဉ်ကျင်းပနေကျ လူသုံးကုန် အီလက် ထရောနစ်နည်းပညာကုန်စည်ပြပွဲ CES ပွဲ စီစဉ်သူ တွေက ကြေငြာသွားခဲ့ပါတယ်။ နိုင်ငံတကာတီထွင် ဆန်းသစ်မှုဆိုင်ရာ ရမှတ်စာရင်းကို ဒုတိယ အကြိမ် မြောက် ထုတ်ဝေမှုမှာတော့ လူသုံးကုန် နည်းပညာ အဖွဲ့အစည်း CTA က အထက်ပါ နိုင်ငံ ၁၆ ခုကို ကြေညာထုတ်ပြန်သွားတာ ဖြစ်ပါတယ်။

တီထွင်ဆန်းသစ်မှု အကောင်းဆုံးနိုင်ငံ ၁၆ နိုင်ငံထဲမှာတော့အက်စ်တိုးနီးယား၊ ဆွစ်ဇာလန် နဲ့ ဖင်လန်တို့က



ရမှတ်အကောင်းဆုံးရရှိခဲ့ကြောင်း သိရပါတယ်။ ယင်းရပ်တည်မှုမှာ စင်ကာပူက အမေရိကန်ရဲ့ ပဉ္စမ (နံပါတ်ငါး) နေရာမှာ ရပ်တည်နေတယ်လို့ သိရပါတယ်။ ကျန်တဲ့နိုင်ငံတွေကတော့ ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဂျာမနီ၊ အစ္စရေး၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ဆွီဒင်နဲ့ယူကေတို့ ဖြစ်ကြပါတယ်။

စင်ကာပူကတော့ တီထွင်ဆန်းသစ်မှုကို ဖွင့်လှစ်လုပ်ဆောင်ရာမှာ ရမှတ်ကောင်းရခဲ့ပြီး မောင်းသူမဲ့ အငှားယာဉ် တက္ကစီတွေကိုစမ်းသပ်တဲ့ ပထမဆုံးနိုင်ငံလည်းဖြစ်ခဲ့ကြောင်း CTA က ထုတ်ပြန်သွားပါတယ်။ ဒါ့အပြင် ယင်းရဲ့ လုပ်သားအင်အားစုရဲ့ ထက်ဂက်ကျော်လောက်ဟာ ကျွမ်းကျင်မှုအရည်အသွေးမြင့်မားကြကြောင်းလည်း CTA က မှတ်ချက်ပြုသွားပါတယ်။

**Source:** https://www.channelnewsasia.com/…/singapore-among-16-innova…

## စက္ကူအိတ်နဲ့ ထုပ်ထားတဲ့ထုတ်ကုန် အရောင်းသွက်

ပလတ်စတစ်နဲ့ထုပ်ပိုးထားတဲ့ စားသောက်ကုန်တွေထက် စက္ကူအိတ်တွေနဲ့ ထုပ်ပိုးထားတဲ့ စားသောက်ကုန်တွေကို လူတွေ ပိုပြီးစိတ်ဝင်စားဝယ်ယူလာကြတယ်လို့သိရပါတယ်။ အတွင်းမှာပါတဲ့ ထုတ်ကုန်ရဲ့ အရည်အသွေးက တူညီပေမဲ့ စက္ကူအိတ်ကို ပိုပြီးရွေးချယ်ဝယ်ယူကြတာဖြစ်ပါတယ်။ စက္ကူအိတ်ကတော့ ပိုပြီးဈေးကွက်ဝင်လာတယ်၊ အကြိုက်များတယ်ဆိုတော့ ဝယ်သူအကြိုက်လိုက်ပြီး ထုပ်ပိုးတာဖြစ်ကြောင်း နတ်သစ်ရွက်စားသောက်ကုန်လုပ်ငန်းပိုင်ရှင် မမေမီမိုးကပြောပါတယ်။

ဈေးကွက်မှာမြန်မာမှုပြုတဲ့ စက္ကူအိတ်တွေနဲ့ထုပ်တဲ့ စားသောက်ဖွယ်ရာတွေနေရာယူ လာကြပြီး သဘာဝအတိုင်းဖန်တီးထားသလိုဖြစ်တာကြောင့် ဝယ်ယူသူ များပြားလာတာဖြစ်တယ်လို့သိရပါတယ်။ ပလတ်စတစ်အိတ်နဲ့နှိုင်းယှဉ်ရင် စက္ကူအိတ်က ပိုပြီး အကုန်အကျများပေမဲ့ ရောင်းချမှုပိုင်းအားသာတာကြောင့် ပြောင်းလဲထုပ်ပိုးကြတယ်လို့ဆိုပါတယ်။

ခြောက်လက်မလောက်ရှိတဲ့ ပလတ်စတစ်အိတ်တစ်လုံးရဲ့ ကုန်ကျစရိတ်က ငွေကျပ်ဆယ် ဂဏန်းသာရှိပေမဲ့ စက္ကူအိတ်တစ်အိတ်ကတော့ ရာဂဏန်းခန့်ကုန်ကျတယ်လို့ သိရပါတယ်။

စက္ကူအိတ်နဲ့ ထုပ်ပိုးမယ်ဆိုရင် အထဲမှာ ပလတ်စတစ်တစ်ထပ်ခံရတာဖြစ်ပြီး စက္ကူအထူကို သုံးရတာဖြစ်တာကြောင့် ကုန်ကျစရိတ် ပိုများတယ်လို့ သိရပါတယ်။

လက်ရှိဈေးကွက်ထဲမှာတော့ ပဲကြော်၊ ပဲလှော်၊ နေကြာစေ့၊ ကွာ စေ့၊ လက်ဖက်ခြောက်၊ ပဲပုပ်စေ့၊ သီဟိုစေ့စတဲ့ အစေ့ခြောက်တွေအပြင် ကော်ဖီမှုန့်၊ တချို့ ငါးခြောက်၊ ပုစွန်ခြောက်စတာတွေကိုပါ စက္ကူအိတ်နဲ့ထုပ်ပိုးပြီး ရောင်းချလာတာကို တွေ့ရပါတယ်။ စက္ကူအိတ်တွေနဲ့ရောင်းချရာမှာ အိတ်ပေါ်မှာပဲ တံဆိပ်ရိုက်ပြီး ကိုယ်ပိုင်အိတ်နဲ့ရောင်းချတာတွေရှိသလို အိတ်ပေါ်မှာ စတစ်ကာကပ်ပြီး ရောင်းချတာတွေလည်းရှိပါတယ်။

ပေါင်မုန့်၊ကိတ်မုန့်၊ ဟမ်ဘာဂါ၊ ကြက်ကြော်၊ ပေါက်စီ စတဲ့ စားသောက်စရာတွေ ရောင်းချမှုမှာလည်း စက္ကူအိတ်ကို အသုံးပြုလာကြပါတယ်။ အဆင့်မြင့် စူပါမားကက်တွေမှာ တင်သွင်းရောင်းချတဲ့ အခါမှာလည်း စက္ကူအိတ်နဲ့ထုပ်ပိုးထားရင် ဈေးပိုရပြီး နေရာပိုရတယ်လို့ သိရပါတယ်။ စီးတီးမတ်တွေ တင်ရင်လဲ စက္ကူအိတ်ဆို ပိုပြီး အဆင်ပြေတယ်၊ အထဲကပစ္စည်းရဲ့အရည်အ သွေးလဲကောင်းရမှာပေါ့၊ ဝယ်သူတွေကတော့ စက္ကူအိတ်ဆို ပိုပြီး စိတ်ဝင်စားကြတယ်” လို့ လက်ဖက်နဲ့ အကြော်စုံ လုပ်ငန်းလုပ်ကိုင်သူ မယင်းမာသွယ်ကပြောပါတယ်။

စက္ကူအိတ်ကိုအသုံးပြုရတာက မြန်မာမှုပိုဆန်ပြီး သဘာဝနဲ့နီးစပ်မှုရှိတာကြောင့် နိုင်ငံခြား သားတွေလည်း ပိုပြီးစိတ်ဝင်စားကြတယ်လို့သိရပါတယ်။ အခု နောက်ပိုင်းမှာ စားသောက်ကုန်ပစ္စည်းမျိုးစုံကို စက္ကူအိတ်နဲ့ထုပ်ပိုးပြီး ရောင်းချလာကြရာ ပလတ်စတစ်နဲ့ ထုပ်ပိုးထားတဲ့ စားသောက်ကုန်တွေထက် ဈေးကြီးပေမဲ့စက္ကူအိတ်ကို ရွေးချယ်ဝယ်ယူကြတယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-31836?fbclid=IwAR00N-43kBzDmRw7SH1rcwqSlqdgVDRa7-M4nCpQEFTAq8uhsFFyEII44M8

## အရှေ့တောမဂျမ်း ဆန်အသစ်ပေါ်စမှာပဲ စံချိန်တင်ဈေးမြင့်



မန္တလေးဈေးကွက်မှာ လူကြိုက်များ အရောင်းသွက်တဲ့ အရှေ့တောမဂျမ်းဆန် (အသစ်)က ပေါ်စအချိန်မှာပင် စံချိန်တင်ဈေးမြင့်နေတယ်လို့ နယ်ခံဆန်ကုန်သည်အချို့ ဆီက သိရပါတယ်။

ပြီးခဲ့တဲ့နှစ် မဂျမ်းဆန်ပေါ်စ အချိန် ၂၀၁၆ ခု နှစ် ဒီဇင်ဘာလ ကုန်ပိုင်းမှ ဇန်နဝါရီလဆန်းပိုင်းက ဆန်သစ်တစ်တင်းခွဲ တစ်အိတ် ကျပ် ၃၃,၀၀၀ ခန့်ပေါက်ဈေးရှိခဲ့ ပြီး ၂၀၁၇ ခုနှစ်မှာ ကျပ် ၃၄,၀၀၀ ခန့် အထိုင်ဈေးရှိတယ်။ သည်နှစ်မှာတော့ အထိုင်ဈေး ကျပ် ၃၈,၀၀၀ မှ ၄၀,၀၀၀ ဝန်းကျင်အထိ ပေါက်ဈေးရှိတယ်လို့ သိရပါ တယ်။

ဝယ်လိုအားများပြားမှုကြောင့် ယခုလို ဆန်သစ်ဈေးမြင့်လာတာလို့ ဆန်ကုန်သည်အချို့ကဆိုပါတယ်။ ဝယ်ချင်တဲ့သူများတယ်၊ ရောင်းနိုင်တဲ့အင်အားက သိပ်မရှိတော့ ဈေးကဒီလောက်အထိတက်သွားကြောင်း အရှေ့တော မဂျမ်းထွက်ရှိရာ ပုသိမ်ကြီးမြို့နယ်ထဲ သမ္မတောက ဒေသခံဆန်ကုန်သည်ကပြောပါတယ်။

အခုနှစ် မဂျမ်းဆန်သစ်ဈေးဟာ အရင်နှစ်တွေက ဈေးနှုန်းနဲ့နှိုင်းယှဉ်ရင် အဆမတန်ဖြစ်နေတယ်လို့ ဆန်ဝယ်လက်အချို့က ပြောပါတယ်။ မဂျမ်းဆန် (ဟောင်း)ဈေးဟာ လက်လီဈေးကွက်မှာလည်း မြင့်မားနေတာတွေ့ရပြီး ဆန်တစ်တင်းခွဲတစ်အိတ်ကို အရင် ကျပ် ၃၈,၀၀၀ မှ ၄၀,၀၀၀ ခန့်ကနေ ကျပ် ၄၃,၀၀၀ မှ ကျပ် ၄၅,၀၀၀ အထိ ဈေးပေးဝယ်ရတယ်လို့ သိရ ပါတယ်။

ဈေးကွက်တွင်း ဝယ်လိုအားကတော့ အရင်တစ်ပတ်ကထက်စာရင် ပိုမိုများပြားတယ်။ ဆန်သစ် ဈေး မြင့်တက်နေသလို အရှေ့တောမဂျမ်းစပါး (အဟောင်း) အထိုင်လက်ကားဈေးကလည်း အမြင့်ဆုံးဈေးမှာရှိနေပြီး စပါးတင်း ၁၀၀ ကျပ် ၁၂ သိန်းခန့်အထိ ပေါက်ဈေးဖြစ်နေတယ်လို့ ကုန်သည်ပွဲစားအချို့ထံကသိရပါ တယ်။

ယခုအချိန်ဟာ ဆန်ဟောင်းလက်ကျန်နည်းပါးနေပြီဖြစ်လို့ ဈေးကွက်မှာ ပစ္စည်းရှားပါးနေတာ၊ ဈေးကွက်အတွင်း စားသုံးသူအကြိုက် ဝယ်လိုအားများပြားတဲ့ ဆန်အမျိုးအစားဖြစ်တာစတာတွေကြောင့် ယခုလို ဈေးမြင့်လာကြောင်း ဆန်ကုန်သည်အချို့က ဆိုပါတယ်။

**Source:** https://www.kumudranews.com/news-31875?fbclid=IwAR06b2KO4SapMgElfc7AXzcEHUXyd-pxhBAi8brefzqstq7RtK1H3IbcJUE

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က လုပ်ငန်း ၉ ခု ခွင့်ပြု

ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၂,၂၂၇ ဦး ဖန်တီးပေးနိုင်မည့် လုပ်ငန်း (၉)ခု အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ( ၁ / ၂၀၁၉) ကြိမ်မြောက် အစည်းအဝေးတွင် ခွင့်ပြုခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်မှုအရသိရသည်။

ထိုလုပ်ငန်းများတွင် အသားထုပ်ပိုးခြင်းလုပ်ငန်း ၊ ဆန်နှင့် ဆန် ဆက်စပ်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချ ဖြန့်ဖြူးခြင်း လုပ်ငန်း၊ တိရစ္ဆာန် အစားအစာ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကြက်သားပေါက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အထည်ထုတ်လုပ်ခြင်းလုပ်ငန်း၊ လျှပ်စစ်ဓါတ်အားထုတ်လုပ်ခြင်းလုပ်ငန်း၊ LPG တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ ကုန်လှောင်ရုံနှင့်ထောက်ပံ့ပို့ဆောင်မှုဝန်ဆောင်မှုလုပ်ငန်းနှင့် မော်တော်ယာဉ်စက်ပြင်သင်တန်း ကျောင်းလုပ်ငန်းတို့ ပါဝင်ကြောင်းသိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ( ၁ / ၂၀၁၉) ကြိမ်မြောက် အစည်းအဝေးအား ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် (၁၁)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/?brand_redir=338109312883186

## STOCK EXCHANGE (14.1.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Jan. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,700 | 742 | 7,261,800 | 27,112,747 | 268,416 |
| MTSH | 00002 | 2,950 | -50 | -1.67% | 2,950 | 2,950 | 2,950 | 4,535 | 13,378,250 | 38,929,150 | 114,841 |
| MCB | 00003 | 7,000 | +0 | +0.00% | 7,000 | 7,000 | 7,000 | 0 | 0 | 10,400,986 | 72,807 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 36 | 810,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 954 | 2,623,500 | 12,212,906 | 33,585 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.40 | -1.42 | -0.35% | 399.40 | 399.40 | 399.40 | 6,267 | 24,073,550 | 5 | 545,270 |

**Index chart**





## Market Overview

As of 1:00 pm, 11th Jan. 2019

| MYANPIX | 399.40 ▼ 1.42 |
|---|---|
| Total Volume (shares) | 6,267 |
| Total Value (MMK) | 24 mil |
| Listed Company | 5 |
| Market Cap. (MMK) | 545,270 mil |

**MYANPIX**




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 2,950 | ▼ 50 |
| MCB | 00003 | 7,000 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |